# အဖိုးတန်ဆုံး ဉစ္စာပစ္စည်း

နှင့်

# တရုတ်ပုံပြင်လက်ရွေးစင်

ယမုံအေး(စမ်းချောင်း)




mgyoe.com

mgyoe.com



အဖိုးတန်ဆုံး ဥစ္စာပစ္စည်း

နှင့်

တရုတ်ပုံပြင်လက်ရွေးစင်

ယမုံအေး(စမ်းချောင်း)

mgyoe.com

TALE0002

2,000.00KS

mgyoe.com

အပိုးတန်ဆုံး ဥစ္စာပစ္စည်းနှင့် တရုတ်ပုံပြင်လက်ရွေးစင်၊ ယမုံအေး(စမ်းချောင်း)
စာမျက်နှာ ၁၄၉ မျက်နှာ၊ ၁၂.၈ စင်တီ × ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး 2000 K

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


၁။ အဖိုးတန်ဆုံး ဥစ္စာပစ္စည်း ၁

၂။ ဝါးဆွေးကို ချွန်၍မထက် ၄

၃။ တောင်သွား မြောက်ရောက် ၇

၄။ ကွန်ဖြူးရှပ်နဲ့ အသိအမြင်ဗဟုသုတ ၉

၅။ ကြီးပွားချမ်းသာမည့် နည်းလမ်း ၁၂

၆။ အိကြာကွေးပုံပြင် ၁၄

၇။ ပုလဲတစ်လုံးနဲ့ လူနှစ်ယောက် ၁၈

၈။ အောင်မြင်မှု သော့ချက် ၂၁

၉။ ရှောင်လုံနှင့် မြစ်စောင့်နတ် ပုံပြင် ၂၄

၁၀။ ကုန်သည် ရှန်ကောင်း ပုံပြင် ၂၇

၁၁။ အဘိုးအို မြင်းပျောက်တဲ့ ပုံပြင် ၂၉

၁၂။ ယို့ကုန်းတောင်ဖြိုခြင်း ၃၁

၁၃။ မလုပ်သင့် မလုပ်ထိုက်တာ လုပ်ခြင်း ၃၃


mgyoe.com

mgyoe.com


၁၄။ ဉာဏ်ကောင်းတဲ့ လယ်သမား ၃၅
၁၅။ မက်မွန်ပန်းရိပ်မြုံနှင့် ငါးဖမ်းသမား ၃၇
၁၆။ မုဆိုးနှင့် အမဲလိုက်ခွေး ၄၀
၁၇။ စေတနာဆိုး၏ အကျိုးပေး ၄၃
၁၈။ အားဖန်းထီနှင့် ဟင်းအနံ့ ၄၇
၁၉။ စိတ်ကောင်းရှိခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုး ၅၀
၂၀။ ဉာဏ်ကြီးသူများရဲ့ ပညာစမ်းပွဲ ၅၄
၂၁။ ဘုရင်နှင့် အားဖန်းထီ (၁) ၅၈
၂၂။ ဘုရင်နှင့် အားဖန်းထီ (၂) ၆၁
၂၃။ ဘုရင်နှင့် အားဖန်းထီ (၃) ၆၄
၂၄။ ကွန်ဖြူးရှပ်နှင့် ပညာရှိသတိဖြစ်ခဲ ၆၇
၂၅။ အားဖန်းထီနှင့် ဘုရင်ဝတ်ရုံ ၇၁
၂၆။ ပညာရှိအဘိုးအိုနှင့် ကုလားအုတ်ပျောက်ခြင်း ၇၄
၂၇။ သူငယ်ချင်းကောင်းရှိခြင်း အကျိုး ၇၇
၂၈။ ပါရီသူဌေးကြီးနှင့် အားဖန်းထီ ၈၀
၂၉။ အားဖန်းထီနှင့် တရားသူကြီး ၈၄
၃၀။ အားဖန်းထီနှင့် အဆိပ်ဆေး ၈၈
၃၁။ စေတနာအကျိုးပေး ၉၂
၃၂။ အစကသာ ကြိုသိခဲ့ပါလျှင် ၉၄
၃၃။ တရုတ်နှစ်ကူးဖြစ်လာခြင်း ၉၇
၃၄။ မတည်မြဲသော အဆိုးများ ၁၀၂
၃၅။ ဘဝအတွက် လိုအပ်ချက် ၁၀၆
၃၆။ တရုတ်လူမျိုးများရဲ့ ရိုးရာအစားအစာ
မန်ထို (ခေါ်) ပေါက်စီ ဖြစ်လာပုံ ၁၁၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၇။ | တူပုံပြင် | ၁၁၄ |
| ၃၈။ | ကောက်ညှင်းထုပ် ဖြစ်ပေါ်လာပုံ သမိုင်းဖြစ်ရပ်မှန် ပုံပြင် | ၁၁၈ |
| ၃၉။ | လောကမှာ ကြောက်စရာအကောင်းဆုံးအရာ | ၁၂၁ |
| ၄၀။ | ပေါက်စီခြောက်လုံးရဲ့ သင်ခန်းစာ | ၁၂၄ |
| ၄၁။ | ဘဝလျှောက်လှမ်းနည်း | ၁၂၈ |
| ၄၂။ | ဘဝမှာ ဘယ်နေ့ဟာ အရေးအကြီးဆုံးလဲ | ၁၃၂ |
| ၄၃။ | ချစ်ရင်အကျိုး မုန်းရင်အပြစ် | ၁၃၅ |
| ၄၄။ | ပညာရှိအဘိုးအိုနဲ့ လူငယ်လေး | ၁၃၈ |
| ၄၅။ | ထွက်ပေါက်ရှိမလား | ၁၄၁ |
| ၄၆။ | ရန်သူကို အနိုင်မပေးလိုက်ပါနဲ့ | ၁၄၄ |


●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျေးဇူးတင်လွှာ

ဤစာအုပ်ထဲမှ ပုံပြင်များကို ၂၀၁၀ ခုနှစ်တွင် စတင်၍ တရုတ်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက်ဘာသာပြန်ဆိုရေးသားခဲ့ပါသည်။ တချို့ပုံပြင်များမှာ ၂၀၁၀ ခုနှစ်တွင် ဆရာကြီး ကောင်းသန့် ထုတ်ဝေသည့် Youth လူငယ်မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရပြီး တချို့မှာ မနောမယဂျာနယ်တွင် ပါဝင်ခဲ့သည်။ တချို့မှာ မည်သည့်ဂျာနယ်၊ မဂ္ဂဇင်းတွင်မျှ မပါဖူးသေးပါ။

ယခုအခါ ပုံပြင်များကို လက်ရွေးစင်စုစည်း၍ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ထုတ်ဝေပေးခဲ့သည်။ ပုံပြင်များကို ဖတ်ရှုတည်းဖြတ်ပေးပါသော ဆရာ ဦးနိုင်ကြီး (ရတနာသိုက်စာပေ)၊ စီစဉ်ထုတ်ဝေပေးပါသော စိတ်ကူးချိုချိုစာအုပ်တိုက်နှင့် ရုံးအဖွဲ့သားများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ပုံပြင်ဖတ်ရှုသူများ အသိအမြင် ဗဟုသုတကြွယ်ဝ၍ ဘဝအောင်မြင်တိုးတက်ကြပါစေ။

စာရေးဆရာမ
ယမုံအေး(စမ်းချောင်း)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အဖိုးတန်ဆုံး ဥစ္စာပစ္စည်း

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ လှေလှော်ပြီး အသက်မွေးတဲ့ လှေသမားအဘိုးအိုတစ်ဦး ရှိတယ်။ တစ်နေ့ နေဝင်ခါနီး ညနေစောင်းတစ်ခုမှာ ကူးတို့ဆိပ်ကို လူလေးယောက် တစ်ပြိုင်တည်း ရောက်လာကြသတဲ့။

ပထမတစ်ဦးက အရမ်းချမ်းသာတဲ့ သူဌေးကြီးဖြစ်တယ်။ ဒုတိယတစ်ဦးက အရာရှိဖြစ်ပြီး တတိယတစ်ဦးက သိုင်းသမား၊ စတုတ္ထတစ်ဦးက ကဗျာဆရာတစ်ယောက် ဖြစ်သတဲ့။ ဒီကူးတို့ဆိပ်မှာလည်း လှေသမားအဘိုးအိုရဲ့ လှေကလေးတစ်စင်းသာ ရှိသတဲ့။ သူတို့ လေးဦးစလုံးက လှေသမားကြီးကို လှေစီးပြီး မြစ်ကိုဖြတ်ချင်ကြောင်း ပြောကြတယ်။

လှေသမားကြီးက သူ့ရဲ့ မုတ်ဆိတ်ကြီးကို လက်နဲ့သပ်ရင်း "ကျွန်ုပ်ရဲ့ဒီလှေကလေးက လူတစ်ဦးကိုသာလျှင်တင်ပြီး ဒီမြစ်ကိုဖြတ်လို့ရမယ်။ ဒါကြောင့် သင်တို့ထဲက တစ်ဦးကိုသာလျှင် လိုက်ပို့ပေးနိုင်မယ်။ သင်တို့ရဲ့ အကြောင်းပြချက်တွေကို ကျွန်ုပ်ကိုပြောပြပါ။ အရေးကြီးဆုံးလူကို ပို့ပေးပါ့မယ်။

mgyoe.com

mgyoe.com





ဒီစကားကိုကြားတော့ ပထမဆုံး အရမ်းချမ်းသာတဲ့ သူဌေးကြီးက သူ့မှာပါလာတဲ့ အဖြူရောင်ငွေတုံးကြီးတွေကို ထုတ်ပြပြီး "ငါက ဒီမြစ်ကို ဖြတ်ကူးပြီး ဟိုဘက်ကမ်းကို အရေးတကြီး သွားစရာကိစ္စရှိတယ်။ ငါ့ကိုသာ လိုက်ပို့စမ်းပါ။ ငါ့မှာ ရွှေ၊ ငွေတွေ အများကြီးရှိတယ်"။ အဲဒီအချိန်မှာ အရာရှိက အားကျမခံ "သင်က ငါ့ကို ဒီမြစ်ဖြတ်ကူးနိုင်အောင် လုပ်ပေးရမယ်။ ငါက သင့်ကို ခရိုင်အရာရှိတစ်ဦးဖြစ်အောင် လုပ်ပေးနိုင်တယ်"။ သိုင်းသမားကလည်း အလောတကြီး ဝင်ပြောတယ်။ "ငါဒီမြစ်ကို ဖြတ်ကိုဖြတ်ရမှ ဖြစ်မယ်။ ဒီလိုမှမဟုတ်ရင်" လို့ ပြောရင်း သူ့အတွင်းအားများ ထုတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မြှောက်ပြတယ်။



ဒါနဲ့ လေ့သမား အဘိုးအိုက

mgyoe.com

mgyoe.com


ကဗျာဆရာကို မေးလိုက်တယ်။ "သင်ရော၊ ပြောပါ" လို့။ ကဗျာဆရာက မျက်နှာငယ်လေးနဲ့ "ကျွန်ုပ်ကတော့ သူတို့တွေလို မချမ်းသာပါဘူး၊ ကုန်းကောက်စရာမရှိအောင် မွဲပါတယ် အဘိုးရယ်၊ ကျွန်ုပ် ဒီနေ့ ဟိုဘက်ကမ်းကို မရောက်ရင် အိမ်မှာရှိတဲ့ ဇနီးနဲ့သားသမီးတွေဟာ ကျွန်ုပ်အတွက် စိုးရိမ်ပူပန်ပြီး မျှော်နေကြပါလိမ့်မယ်" လို့ ဆိုသတဲ့။ ဒီတော့ လှေသမားကြီးက ကဗျာဆရာကို "လှေပေါ်တက်ပါ။ သင့်ရဲ့ အကြောင်းပြချက်ဟာ အဖိုးတန်ပါတယ်" လို့ပြောရင်း ကျန်သုံးယောက်ကို လက်ပြနှုတ်ဆက်ကာ လှေကို ကမ်းကခွာခဲ့သတဲ့။

ကဗျာဆရာလည်း ဇဝေဇဝါနဲ့ လှေပေါ်တက်လိုက်ပြီး "အဘိုးရယ်၊ ကျွန်တော် နားမလည်လို့ ရှင်းပြနိုင်မလား"၊ အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး တစ်ဖက်က လှေလှော်ရင်းနဲ့ ကဗျာဆရာကို ပြောတယ်။ "သင့်ရဲ့မျက်နှာနဲ့ အမူအရာမှာ စိုးရိမ်ပူပန်မှုတွေ ပေါ်နေတယ်။ သင့်ကို အကြောင်းပြချက်မေးတဲ့အခါမှာလည်း မလိမ်ညာဘဲ အမှန်ဆိုတယ်။ သင့်ရဲ့ အဖြစ်မှန်ကို မလိမ်ညာဘဲ အမှန်ပြောခြင်းဟာ သင့်စိတ်ရဲ့ဖြူစင်မှုကိုပြတာပဲ။ လူ့ဘဝမှာ အဖိုးတန်ဆုံးဥစ္စာပစ္စည်းဟာ ရွှေ၊ ငွေ၊ အာဏာ၊ လက်ရုံးရည်တို့ မဟုတ်ပါဘူး။ စိတ်ရဲ့ တကယ်ရိုးသား ဖြူစင်မှုသာလျှင် အဖိုးတန်ဆုံးဖြစ်ပါတယ်။ ဒါကြောင့် သင့်ကို မြစ်တစ်ဖက်ကမ်းကို ရောက်အောင်ပို့ပေးတာပါ"။ ဒီတော့မှ ကဗျာဆရာလည်း နားလည်သွားတော့သတဲ့။

Ref: China Newspaper

●

mgyoe.com

mgyoe.com

# ဝါးဆွေးကို ချွန်၍မထက်

ဟိုးရှေးရှေးတုန်းက တရုတ်ပြည် (ချွန်ချူခေတ် ဘီစီ ၇၀၀ မှ ဘီစီ ၄၇၆ ခုအတွင်း)မှာ ကြီးကျယ်မြင့်မြတ်လှတဲ့ အတွေးအခေါ်ပညာရှင်ကြီး၊ ပညာပေး ပညာရှင်ကြီး ကွန်ဖြူးရှပ်ဆိုသူ ပေါ်ပေါက်ခဲ့ပါတယ်။ ကွန်ဖြူးရှပ်ဟာ သူရဲ့တစ်ဘဝလုံးမှာ ပညာသွန်သင်ပြပေးမှုကိုသာ အဓိကထား လုပ်ကိုင်ခဲ့ပါတယ်။ သူ့မှာ တပည့်စုစုပေါင်း သုံးထောင်ကျော်ရှိပါတယ်။ အဲဒီအထဲက ထူးချွန်ကျောင်းသား ၇၂ ယောက် ပေါ်ထွက်ခဲ့ပါတယ်။ သိပ်မကြိုးစားကြတဲ့ တပည့်တွေလည်း ရှိပါသေးတယ်။ ကွန်ဖြူးရှပ်ဟာ ကျောင်းသားတွေအပေါ်မှာ အင်မတန် စည်းကမ်းတင်းကျပ်ပါတယ်။

ဒီကျောင်းသားတွေထဲက ကျိုင်ယွီဆိုတဲ့ ကျောင်းသားဟာ အစစအရာရာမှာ အချက်ကျကျနဲ့ စကားလှပအောင် ပြောဆိုတတ်တဲ့အတွက် ကွန်ဖြူးရှပ်ဟာ သူ့ကို ဉာဏ်ကောင်းထူးချွန်ပြီး ရှေ့တက်လမ်းရှိတဲ့ ကျောင်းသားလို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ကွန်ဖြူးရှပ်ဟာ သူ့ကို အမြဲဂရုစိုက်မိသတဲ့။ နောက်ပိုင်းတော့ ကွန်ဖြူးရှပ်ဟာ ကျိုင်ယွီ အတန်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


လာမတက်တာ တွေ့ရသတဲ့။ တစ်ရက်လောက်လာတက်လိုက် ရက်အကြာကြီး ပျောက်သွားလိုက်နဲ့ ဖြစ်နေသတဲ့။ ဒါကြောင့် အခြားကျောင်းသားတွေ စေလွှတ်ပြီး ကျိုင်ယွီကို သွားရှာခိုင်းတယ်။ ကျိုင်ယွီဟာ နေ့ခင်းကြီးတောင် အိမ်တံခါးပိတ်ပြီး အိမ်ထဲမှာ အပျင်းကြီးစွာအိပ်နေသတဲ့။

ဒါကြောင့် ကွန်ဖြူးရှပ်ဟာ ကျိုင်ယွီကို သွားတွေ့တယ်။ ပြန်လာတဲ့အခါ ကျောင်းသားတွေကို ပြောပြတယ်။ "ယိုယွင်းဆွေးမြည့်နေတဲ့ သစ်သားတုံးကို ထွင်းထုလို့ ဘယ်လိုမှမရနိုင်ဘူး။ ညစ်ပေနေတဲ့ မြေကြီးနဲ့ နံရံကို နောက်ထပ်ထုံးသုတ် မွမ်းမံဖို့ နည်းလမ်းမရှိဘူး။ ဒီဆွေးမြည့်နေတဲ့ သစ်သားတုံးနဲ့ ညစ်ပေနေတဲ့မြေကြီး၊ နံရံ အတူတူပါပဲ။ ဘယ်သူမဆို ပျင်းရိထိုင်းမှိုင်းလေးလံနေရင် အောင်မြင်ချင်တဲ့စိတ် ဘယ်လောက်ရှိရှိ အောင်မြင်မှာမဟုတ်ဘူး။ ကျွန်ုပ်ဟာ ကျိုင်ယွီကို အစကတည်းက လေ့လာထားပြီးသား၊ သူဟာ စကားပြောကောင်းတယ်။ အောင်မြင်ချင်တဲ့ စိတ်ဓာတ်ရှိတယ်။ ကျွန်ုပ် သူ့ကိုမြင်တဲ့အမြင် မမှားနိုင်ဘူး။ နောက်ပိုင်း သူ့ရဲ့အပြုအမူ၊ အပြောနဲ့အလုပ်တွေ ညီညွတ်လားဆိုတာ ကျွန်ုပ် စောင့်ကြည့်လေ့လာမယ်။ သူဟာ တကယ်တက်လမ်းရှိတဲ့ လူတစ်ယောက် ဟုတ်မဟုတ်ဆိုတာ ဒီလိုအချိန်ပေးစောင့်ကြည့်မှ ဝေဖန်ဆုံးဖြတ်လို့ရနိုင်မယ်"

ကွန်ဖြူးရှပ်ရဲ့ ဝေဖန်ပြောဆိုမှုတွေကို ကျိုင်ယွီကြားသိသွားပြီး နောက်ပိုင်းမှာ ကျိုင်ယွီဟာ ကွန်ဖြူးရှပ်ထံလာပြီး သူ့ရဲ့ ပျင်းရိထိုင်းမှိုင်းနေတဲ့ အကျင့်ဆိုးတွေကို ပြုပြင်ကာ သူ့ရဲ့အမှားကို ဝန်ချတောင်းပန်သတဲ့။ နောင်အနာဂတ်မှာ ကျိုင်ယွီဟာ ပညာရှိတစ်ဦး ဖြစ်လာပါတယ်။ ဒါကြောင့် တရုတ်ပြည်မှာ "ရှိမှ့နန်သရောင်း" "ဝါးဆွေးကို ချွန်၍မထက်၊ သစ်ဆွေးကို ထွင်းရခက်" ဆိုတဲ့ ဆိုရိုးစကား ပေါ်လာပါတယ်။

●

mgyoe.com

mgyoe.com

## တောင်သွား မြောက်ရောက်

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ ပညာရှိအမတ်ကြီးတစ်ဦးဟာ ခရီးတစ်ခုကနေ နန်းတော်ကိုပြန်တဲ့လမ်းမှာ မြင်းလှည်းစီးလာတဲ့ လူတစ်ယောက်နဲ့ တွေ့သတဲ့။ ဒီလူစီးလာတဲ့ မြင်းလှည်းဟာ အလွန်မြန်နေသတဲ့။ ဒါကြောင့် ပညာရှိအမတ်ကြီးဟာ ဒီမြင်းလှည်းကိုတားပြီး မြင်းလှည်းပေါ်ကလူကို မေးလိုက်သတဲ့။ "သင်ဘာကြောင့် ဒီလောက်လောနေရပါသလဲ၊ ဒီလိုလောနေတဲ့ ပုံစံကြည့်ရတာ အရမ်းဝေးတဲ့နေရာကို သွားမလို့ထင်တယ်။ ဘယ်ကိုများသွားမှာလဲ" ထိုလူက "ချူနိုင်ငံသွားမှာပါ" ဆိုတော့ အမတ်ကြီးက ထိုလူနဲ့ စကားဆက်ပြောကြတယ်။

"သင်သွားတဲ့ဘက် မှားနေပြီ။ ချူနိုင်ငံက တောင်ဘက်မှာ၊ သင်က မြောက်ဘက်သွားနေပါတယ်" "ကိစ္စမရှိပါဘူး။ ကျွန်ုပ်ရဲ့ မြင်းက ပြေးတာ မြန်တယ်။ မြင်းကောင်းတယ်" "သင့်မြင်းကောင်းတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ သွားမယ့်လမ်းမှားနေတော့ ပြန်လှည့်သင့်ပါတယ်" "ကျွန်ုပ်မှာ ပိုက်ဆံအများကြီး ရှိပါတယ်။ မြင်းလှည်းမောင်းသူကလည်း

mgyoe.com

mgyoe.com





ငယ်ရွယ်နုပျိုပြီး အင်အားကောင်းတယ်။ မြင်းမောင်းတာလည်း အရည်အချင်းရှိတယ်။ ကျွန်ုပ် ကျိန်းသေ ချူနိုင်ငံကိုရောက်မှာပါ။ သင် မပူပါနဲ့၊ ကျွန်ုပ်တို့ ခရီးဆက်လိုက်ပါဦးမယ်" ထိုလူလည်း ပညာရှိအမတ်ကြီးကို နှုတ်ဆက်ပြီး ထွက်ခွာသွားတော့သတဲ့။

ပညာရှိအမတ်ကြီးလည်း လမ်းမှာကြုံခဲ့ရသမျှကို နန်းတော်ရောက်တော့ ဝေ့ဘုရင်ကြီးကို လျှောက်တင်ပြီး ဒီအကျိုးအကြောင်းကို ပြောပြတယ်။ အဲဒီအချိန်ကစပြီး တရုတ်ပြည်မှာ "နန်းယွမ်ပေကျယ်" "တောင်သွား မြောက်ရောက်" ဆိုတဲ့ ဆိုရိုးစကားနဲ့တွဲပြီး လူကြီးတွေက လူငယ်တွေကို "လူ့ဘဝမှာ အလုပ်လုပ်တဲ့အခါ တိကျမှန်ကန်တဲ့ ဦးတည်ချက်ရှိရမယ်။ ဦးတည်ချက်မှားရင် ကုန်သွားတဲ့အားက ပိုကြီးသွားမယ်။ ကိုယ်ရည်မှန်းထားတဲ့ ရည်မှန်းချက်လည်း ရောက်ရှိဖို့ ပိုဝေးသွားမယ်လို့" ဆုံးမခဲ့ကြပါသတဲ့။

Ref: China Newspaper

•

mgyoe.com

mgyoe.com

## ကွန်ဖြူးရှပ်နဲ့ အသိအမြင်ဗဟုသုတ

တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်ဟာ ဒေသအနှံ့ လှည့်လည်သွားကာ ပညာအမွေ လက်ဆင့်ကမ်းပေးရင်းနဲ့ တရုတ်ပြည် အရှေ့ဘက်ပိုင်းဒေသကို ရောက်ရှိခဲ့ချိန်မှာ တစ်နေ့တော့ ကွန်ဖြူးရှပ်ဟာ လမ်းထွက်လျှောက်ရင်း လမ်းမှာ ကလေးငယ်နှစ်ဦး ငြင်းခုံနေတာတွေ့လို့ မေးကြည့်တဲ့အခါ ပထမကလေးငယ်က "နေမင်းဟာ စပြီးထွက်လာချိန်မှာ လူတွေနဲ့ အကွာအဝေး အတော်နီးတယ်။ နေ့လယ်ရောက်တော့ နေမင်းက လူတွေနဲ့ ဝေးသွားတယ်လို့ ကျွန်တော်ထင်တယ်"

ကွန်ဖြူးရှပ်က စိတ်ဝင်စားသွားပြီး ပထမကလေးငယ်ကို "သင့်မှာ အကြောင်းပြချက်ရှိရင် ပြောပါ" လို့ မေးသတဲ့။ ပထမကလေးငယ်ကပဲ "နေမင်းဟာ စထွက်လာတဲ့အချိန်မှာ အရွယ်အစားကြီးမားပြီး နေ့လယ်ကျတော့ ပန်းကန်ပြားလောက်ပဲ ရှိတော့တယ်။" "နေမင်းဟာ ကျွန်ုပ်တို့နဲ့ နီးတဲ့နေရာက ကြည့်လိုက်ရင် ကြီးလာသလား၊ ဝေးသွားမှ ကြည့်လိုက်တဲ့အခါ သေးသွားသလားဆိုတာကို အခုထိ မှန်ကန်အောင်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



မရှင်းနိုင်သေးဘူး"

ဒုတိယကလေးက "နေမင်းဟာ စထွက်လာချိန်မှာ လူတွေဟာ အနည်းငယ်အေးတာကို ခံစားရပြီး နေ့လယ်လောက်ရောက်တော့ လူတွေကို ဟင်းရည်အပူကြီးထဲမှာ စိမ်နေရသလို ပူစေတယ်" လို့ ကျွန်တော် ထင်တယ်။ "နေမင်းဟာ ကျွန်ုပ်တို့နဲ့ဝေးသွားရင် အေးတယ်လို့ခံစားရပြီး နီးလာရင် ပူတယ်လို့ ခံစားရတယ်ဆိုတာကို အခုထိ မှန်ကန်အောင် သက်သေမပြနိုင်သေးဘူး"

ဒီစကားတွေကို ကွန်ဖြူးရှပ်ကြားတဲ့အခါ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာတောင် မဝေဖန်နိုင်ဘူး ဖြစ်နေသတဲ့။ ဒါကြောင့် ကွန်ဖြူးရှပ်ဟာ စာသင်ရင်းနဲ့ သူ့ကျောင်းသားတွေကို ဒီအကြောင်း ပြောပြကာ "အသိအမြင် ဗဟုသုတဆိုတာ လေ့လာလို့ မကုန်နိုင်အောင် ရှိတယ်။ အသိအမြင် ဗဟုသုတ အရမ်းသိပြီး ပြည့်စုံနေသူတောင် သူမသိနားမလည်နိုင်သေးတဲ့ ကိစ္စတွေ အများကြီးရှိသေးတယ်" ဆိုပြီး တပည့်တွေကို လမ်းညွှန်ပေးခဲ့သတဲ့။

Ref: China Newspaper

●

mgyoe.com

mgyoe.com

## ကြီးပွားချမ်းသာမည့် နည်းလမ်း

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ အလွန်ဆင်းရဲတဲ့ ကျန်းစန်းဆိုတဲ့ သူဟာ အလွန်ချမ်းသာတဲ့ သူ့ရဲ့မိတ်ဆွေ လီစွတ်နဲ့တွေ့တော့ ကြီးပွားချမ်းသာမယ့် နည်းလမ်းရှိရင် ပြောပါလို့ လီစွတ့်ဆီက တောင်းလိုက်သတဲ့။ လီစွတ့်က "ကျွန်ုပ်ကို ရေ သုံးရက်ခပ်ပေးရင် ပြောပြပါမယ်"။ ကျန်းစန်းက "ရပါတယ်၊ ကြီးပွားချမ်းသာမယ့်နည်းသာ ပြောပြရင် သုံးရက်မပြောနဲ့ သုံးနှစ်လည်း ခပ်ပေးပါ့မယ်" လို့ ပြောလိုက်တယ်။ လီစွတ့်လည်း ရေပုံးနှစ်ပုံးနဲ့ ထမ်းပိုးကို ကျန်းစန်းကို ပေးလိုက်တယ်။ ပြီးတော့ အောက်ခြေမပါတဲ့ ရေအိုးကြီးတစ်လုံး ချထားပေးပြီး အဲဒီထဲကို ရေဖြည့်စေတယ်။ ကျန်းစန်းလည်း သုံးရက်သာကုန်သွားပေမဲ့ ရေအိုးက ရေမပြည့်ဘဲ သူထည့်လိုက်တဲ့ ရေတွေဟာ မြေကြီးထဲကိုပဲ စိမ့်ဝင်သွားသတဲ့။

လီစွတ့်က သုံးရက်ပြည့်တဲ့အခါ အရင်ရေပုံးတွေ ပြန်သိမ်းလိုက်ပြီး ကွဲအက်နေတဲ့ ရေပုံးနှစ်ပုံး ထပ်လဲပေးလိုက်တယ်။ အောက်ခြေမပါ

mgyoe.com

mgyoe.com





တဲ့ အိုးအစား အောက်ခြေပါတဲ့ အိုးအကောင်းတစ်လုံးချထားပေးတယ်။ နောက်ထပ်သုံးရက် ရေခပ်ခိုင်းတယ်။ ကျန်းစန်းလည်း ကြိုးကြိုးစားစား ရေခပ်တယ်။ ကွဲအက်နေတဲ့ ရေပုံးတွေကြောင့် ရေပုံးထဲက ရေတွေဟာ လမ်းမှာ ယိုကျကုန်တယ်။ အိုးနားရောက်တော့ ရေပုံးထဲမှာ ရေအနည်းငယ်သာ ကျန်တော့တယ်။ ဒါပေမဲ့ စိတ်မပျက်၊ ဖွဲမလျှော့ဘဲ ကြိုးစားခပ်လိုက်တာ သုံးရက်မကြာဘဲ ရေအိုးပြည့်သွားသတဲ့။ အဲဒီအခါမှာ လီစွတ့်က ကြီးပွားချမ်းသာမယ့် နည်းလမ်း သင့်ကိုပြောပြပြီးပြီလို့ ဆိုသတဲ့။ ဒီကြီးပွားချမ်းသာမယ့် နည်းလမ်းကတော့ "အလုပ်ကြိုးစား လုပ်ပါ၊ ကြိုးစားလို့ ရရှိလာတာတွေကို အလကားမဖြုန်းတီးပါနဲ့၊ ရေအိုးထဲ ရေဖြည့်သကဲ့သို့ တဖြည်းဖြည်းနဲ့ စုဆောင်းပြီး ချွေတာသုံးစွဲပါ" ဆိုတာပဲ ဖြစ်ပါတယ်။

•

mgyoe.com

mgyoe.com

## အီကြာကွေးပုံပြင်

ဟိုးရှေးနှစ်ပေါင်းများစွာက တရုတ်ပြည်တောင်ပိုင်း စုန့်မင်းဆက်ခေတ်တွင် အင်မတန် တိုက်ရည်ခိုက်ရည်ကောင်းပြီး ရဲစွမ်းသတ္တိနဲ့ ပြည့်စုံကာ နိုင်ငံကိုချစ်တဲ့ မျိုးချစ်သူရဲကောင်း စစ်သူကြီး ယွဲ့ဖေးဆိုသူရှိတယ်။ ယွဲ့ဖေးဟာ အသက် ၂၀ အရွယ်ကတည်းက စစ်မှုထမ်းခဲ့ပါတယ်။ သူဟာ ရဲရင့်ပြီး သတ္တိရှိသလို သူ့ရဲ့လုပ်ဖော်ကိုင်ဖက် တပ်သားအချင်းချင်းအပေါ်မှာလည်း ဂရုစိုက်ကာ နိုင်ငံတော်နဲ့ ပြည်သူပြည်သားများအပေါ်မှာ အင်မတန်ချစ်မြတ်နိုး ကာကွယ်စောင့်ရှောက်သတဲ့။ ဒါကြောင့် ယွဲ့ဖေးဟာ အများရဲ့ချစ်ခင်မှုကိုခံရပြီး နာမည်ကြီးလာတယ်။ တိုက်ပွဲတွေကိုလည်း အောင်မြင်စွာ တိုက်ခိုက်နိုင်တဲ့အတွက် ဘုရင်ရဲ့ ချီးမြှောက်မှုကို ခံခဲ့ရတယ်။

ဒီလို စစ်သူကြီးယွဲ့ဖေးရဲ့ ကျော်ကြားမှုတွေကို မနာလိုမရှုဆိတ်ဖြစ်နေတဲ့ အမတ်ချုပ်ကြီး ချင်ဟွေ့ဆိုသူရှိတယ်။ သူဟာ သူ့ဇနီးနဲ့ တိုင်ပင်ပြီး ယွဲ့ဖေးစစ်သူကြီးကို မကောင်းကြံဖို့ ကြံစည်နေသတဲ့။ အမတ်

mgyoe.com

mgyoe.com




ချုပ်ကြီး ချင်ဟွေ့ဟာ ယွဲ့ဖေးကို ရှင်းချင်တဲ့အကြောင်းရင်းကတော့ သူဟာ နောင်တစ်ချိန် ဘုရင်မင်းမြတ်နေရာကို ရယူချင်တဲ့စိတ်ကူး ရှိတယ်။ အဲဒီလိုအချိန်ရောက်ခဲ့လျှင် ယွဲ့ဖေးဟာ ဘုရင်နဲ့ နိုင်ငံတော် အပေါ် သစ္စာရှိစွာနဲ့ ကာကွယ်မှာဖြစ်တဲ့အတွက် အမတ်ချုပ်ရဲ့ အကြံဟာ အောင်မြင်မှာ မဟုတ်ပါဘူး။ သူ့အတွက်တော့ ယွဲ့ဖေးဟာ အနှောင့် အယှက်ဖြစ်နေလို့ပါပဲ။

အမတ်ချုပ် ချင်ဟွေ့ဟာ ရန်သူနိုင်ငံဖြစ်တဲ့ ကျင်းနိုင်ငံနဲ့လည်း တိတ်တဆိတ် အဆက်အသွယ်လုပ်ခဲ့ပါတယ်။ ဘုရင်ကြီးက ယွဲ့ဖေး စစ်သူကြီးကို ကျင်းနိုင်ငံတပ်တွေ ချီတက်လာရင် တိုက်ခိုက်ကာကွယ်ဖို့ နယ်စပ်ကို စေလွှတ်ခဲ့ပါတယ်။ ယွဲ့ဖေး နယ်စပ်ကို ရောက်နေချိန်မှာ တစ်နေ့တော့ အမတ်ချုပ်ကြီးချင်ဟွေ့ဟာ ဘုရင်ကြီးကို ယွဲ့ဖေးစစ်သူ ကြီးအကြောင်း မဟုတ်မမှန်လျှောက်တင်ပြီး ကုန်းချောခဲ့ပါတယ်။

mgyoe.com

mgyoe.com


သူကုန်းချောခဲ့ပုံက "ယွဲ့ဖေး စစ်သူကြီးဟာ ရန်သူနိုင်ငံဖြစ်တဲ့ ကျင်းနိုင်ငံနဲ့ ပူးပေါင်းနေပါတယ်။ လူတွေစုပြီး ဘုရင်ကြီးကို တော်လှန် ပုန်ကန်ဖို့ လုပ်နေပါပြီ" လို့ လျှောက်တင်ခဲ့ပါတယ်။ ဘုရင်ကြီးကလည်း အမတ်ချုပ်ကြီး ချင်ဟွေ့ကို တိုင်းပြည်နဲ့ သူ့အပေါ် အင်မတန်သစ္စာ ရှိသူအဖြစ် ယုံကြည်ထင်မြင်တဲ့အတွက် သစ္စာရှိစစ်သူကြီး ယွဲ့ဖေးအပေါ် အထင်လွဲကာ နိုင်ငံတော်ကို တော်လှန်ပုန်ကန် သစ္စာဖောက်မှုနဲ့ ကွပ်မျက် ခဲ့ပါတယ်။

ဒီလိုနဲ့ နိုင်ငံတော်အပေါ် သစ္စာရှိ သူရဲကောင်းစစ်သူကြီး ယွဲ့ဖေး ဟာ ၁၁၄၂ ခုနှစ်၊ အသက် ၃၉ နှစ်အရွယ်မှာ အမတ်ချုပ် ချင်ဟွေ့ရဲ့ မကောင်းကြံမှုကြောင့် မတရားသေဆုံးခဲ့ရပါတယ်။ ယွဲ့ဖေးသေဆုံးမှုဟာ ချင်ဟွေ့ကြောင့်ဆိုပြီး ပြည်သူတွေဟာ ချင်ဟွေ့အမတ်တို့ တစ်အိမ် လုံးကို မနှစ်မြို့ကြပါဘူး။

တစ်နေ့တော့ အမတ်ချုပ်ချင်ဟွေ့ရဲ့ မကောင်းမှုတွေပေါ်လာ ခဲ့ပါတယ်။ ဘုရင်ကြီးလည်း သိသွားတယ်။ ပြည်သူများကတော့ စစ်သူ ကြီး ယွဲ့ဖေး မတရားသေရတယ်ဆိုပြီး ချင်ဟွေ့အမတ်အကြောင်းကို မြို့ထဲမှာ အုန်းအုန်းကျွက်ကျွက် ပြောဆိုနေကြတယ်။ ဒီသတင်းကို ကြားလိုက်တဲ့ စားသောက်ဆိုင်တစ်ခုက လူတစ်ယောက်ဟာ ဒေါသ ထွက်သွားပြီး မုန့်ညက်တစ်ခုကို ကောက်ယူကာ ဂျုံရုပ်ပုံစံ သစ္စာဖောက် အမတ်ချုပ်ချင်ဟွေ့နဲ့ သူ့ဇနီးအမှတ်ဖြင့် အချောင်းနှစ်ချောင်းလုပ်ပြီး ဆူပွက်နေတဲ့ဆီပူထဲကို နှစ်ချပြီးကြော်လိုက်တယ်။ ကျက်သွားတဲ့အခါ ဒေါသဖြစ်ဖြစ်နဲ့ အချောင်းနှစ်ချောင်းကို အားရပါးရဆွဲခွာပြီး စားပစ် သတဲ့။ အဲဒီအချိန်ကစလို့ အီကြာကွေးပေါ်လာသတဲ့။ နောက်ပိုင်း လူတွေ က စားကြည့်တဲ့အခါ အရသာရှိတဲ့အတွက် ဆက်လက်လုပ်ပြီး စားကြ သတဲ့။ ဆီထဲထည့်ကြော်ရလို့ အီကြာကွေးကို တရုတ်လို "ယို ထျောင်"

mgyoe.com

mgyoe.com



ခေါ်ပြီး "ဆီကြော်မုန့်ချောင်း" လို့ အမိပ္ပာယ်ရပါတယ်။ ပြည်သူလူထုက ယွဲ့ဖေးစစ်သူကြီးရဲ့ အုတ်ဂူကို အသေအချာလုပ်ပေးကာ နိုင်ငံတော် သစ္စာရှိ စစ်သူကြီးအဖြစ် သတ်မှတ်ဂုဏ်ပြုကြတယ်။ ပြစ်ဒဏ်ခတ်တဲ့ အနေနဲ့ ယွဲ့ဖေးစစ်သူကြီး အုတ်ဂူရှေ့မှာ သစ္စာဖောက်အမတ် ချင်ဟွေ့ မိသားစုတို့က ဒူးထောက်နေရပုံကို ကျောက်ရုပ်အဖြစ် ထွင်းထုပေးထား ခဲ့ပါတယ်။

Ref: Chinese History

●

mgyoe.com

mgyoe.com

# ပုလဲတစ်လုံးနဲ့ လူနှစ်ယောက်

ဟိုးရှေးရှေးတုန်းက ချူနိုင်ငံမှာ အရမ်းလှပတဲ့ ပုလဲတစ်လုံးပိုင်ဆိုင်ထားတဲ့ ချူနိုင်ငံသားတစ်ယောက် ရှိသတဲ့။ ဒီပုလဲကို သူက အရမ်းရောင်းချင်နေသတဲ့။ သူ့ရဲ့ အနာဂတ်ရည်ရွယ်ချက်က ဒီပုလဲ အမြန်ရောင်းထွက်ဖို့နဲ့ ရောင်းတဲ့အခါမှာလည်း ဈေးကောင်းရဖို့ ချူနိုင်ငံသားက အကြံထုတ်နေသတဲ့။

တစ်နေ့တော့ ပုလဲရဲ့သဘာဝတန်ဖိုးထက် ဈေးပိုမြင့်မားစေဖို့အတွက် လှပပြီး တန်ဖိုးအမြင့်ဆုံး ထုပ်ပိုးမှုလိုအပ်မယ်ဆိုတဲ့ အတွေးမျိုး သူရသွားတယ်။ ဒါကြောင့် လက်ရာသေသပ်လှပ ကောင်းမွန်တယ်လို့ နာမည်ကြီးနေတဲ့ နာမည်အကြီးဆုံး လက်သမားဆရာကြီး မုလန်ဆိုသူကို ဖိတ်ခေါ်ပြီး ပုလဲအတွက် ဘူးတစ်ခုလုပ်ခိုင်းတယ်။ ဒီပုလဲဘူးကို သစ်ဂျပိုး၊ နံ့သာဖြူ စတဲ့ အမွှေးနံ့သာပစ္စည်းများနဲ့ လုပ်ခိုင်းပြီး ဘူးရဲ့ အပြင်ဘက်ကို အလွန်ကြည့်ကောင်းတဲ့ ပန်းခက်၊ ပန်းနွယ်များနဲ့ အနုစိတ် ထုလုပ်မွမ်းမံခိုင်းတယ်။ ဒါ့အပြင် လှပတဲ့ ပန်းခက်တွေကို ရွှေအစစ်

mgyoe.com

mgyoe.com





နဲ့ အလှဆင်ခိုင်းပြန်သတဲ့။ ဒီဘူးလေးကိုကြည့်လိုက်ရင် အရောင်တွေ တလက်လက်ထွက်ပြီး လက်ရာသေသပ်လှပ ကြည့်ကောင်းတဲ့ လက်မှု အနုပညာပစ္စည်းလေးတစ်ခု ဖြစ်သွားသတဲ့။ ဒီဘူးလေးထဲကို သေသေ ချာချာသတိထားပြီး ပုလဲကိုထည့်လိုက်တယ်။ ပြီးတော့မှ ဈေးကိုယူသွား ပြီး သွားရောင်းတော့တယ်။

ဈေးရောက်တော့ မကြာပါဘူး။ သူ့ရဲ့ဘူးလေးကိုမြင်တာနဲ့ လူတွေ ဝိုင်းအုံလာပြီး လာကြည့်ကြတော့တယ်။ ဒီလူအုပ်ထဲက ကျန့်နိုင်ငံသား တစ်ယောက်ဟာ ဒီဘူးလေးကို သူ့လက်ထဲမှာကိုင်ထားပြီး ကြည့်နေလိုက် တာ လက်ကပြန်မချနိုင်လောက်အောင်ကိုပဲ ကြိုက်နှစ်သက်မိသတဲ့။ ဒါကြောင့် ကျန့်နိုင်ငံသားက ဒီဘူးလေးကို ဈေးအမြင့်ဆုံးပေးပြီး ဝယ် သွားသတဲ့။ ကျန့်နိုင်ငံသားက ငွေချေပြီး ဒီဘူးကိုယူကာ ပြန်သွားတယ်။ ဒါပေမဲ့ နှစ်လှမ်း၊ သုံးလှမ်းလောက်သွားပြီးမှ ပြန်လှည့်လာသတဲ့။

mgyoe.com

mgyoe.com


ဒါကို ချူနိုင်ငံသားကမြင်တော့ ဝယ်ပြီးမှမလိုချင်လို့ နောင်တရပြီး ပြန်လာပို့တာလို့ ထင်သတဲ့။ ကျန့်နိုင်ငံသားက ဘူးထဲကပုလဲကို ထုတ်ပြပြီး ချူနိုင်ငံသားကို ပြောတယ်။ "လူကြီးမင်း၊ သင့်ရဲ့ပုလဲတစ်လုံး ဘူးထဲမှာပါလာတယ်။ သင်ယူထားဖို့ မေ့နေတယ်ထင်လို့ ကျွန်ုပ် တမင်ပြန်လာပို့ပေးတာပါ"။ ကျန့်နိုင်ငံသားက ပုလဲကိုပေးပြီးတဲ့နောက် သူ့ရဲ့ လက်ထဲက ဘူးလေးကို ပီတိဖြစ်စွာကြည့်ပြီး ပြန်သွားတော့တယ်။ ချူနိုင်ငံသားလည်း ပုလဲကိုကိုင်ရင်း ငိုရမလား၊ ရယ်ရမလားတောင် မသိတော့ဘူးတဲ့။

သူက သူ့ရဲ့ပုလဲကို ကြိုက်လို့ဝယ်တယ်ထင်တာ၊ အခုတော့ မထင်မှတ်ဘဲ ဘူးအတွင်းက ပစ္စည်းတန်ဖိုးထက် ပြင်ပထုပ်ပိုးမှုတန်ဖိုးက ကျော်လွန်ခဲ့ပြီ။ ချူနိုင်ငံသား နားလည်လိုက်တဲ့ ပထမအချက်က လူတွေဟာ အပေါ်ယံ အပြင်ပန်းလှပမှုကိုပဲ အဓိကကြည့်ပြီး အတွင်းက အဖိုးတန်တာကို တန်ဖိုးမထားတတ်တာနဲ့ ဒုတိယအချက်က အဖိုးတန်ပစ္စည်းကို လူတွေ မဝယ်တတ်ဘူးဆိုတာပါပဲ။ ဒါကြောင့် တရုတ်ပြည်မှာ "မိုင်သူးဟွမ်ကျူး(လ်)" ပုလဲဘူးကိုသာဝယ်၍ ပုလဲမဝယ်ဘဲ နေသည် ဆိုတဲ့ ဆိုရိုးစကားတစ်ခု ပေါ်လာပါတော့တယ်။

Ref: China Newspaper

●

mgyoe.com

mgyoe.com

## အောင်မြင်မှု သော့ချက်

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ ကျောက်ကျိရှန်းနဲ့ ဝမ်းယွီဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိသတဲ့။ သူတို့နှစ်ယောက် လမ်းမှာဆုံတော့ ကျောက်ကျိရှန်းက "မင်း ငါ့ကို လှည်းမောင်းသင်ပေးတာ ပညာကုန်ရဲ့လား" လို့ ဝမ်းယွီကိုမေးတယ်။ ဝမ်းယွီက "မင်းကို နည်းပညာအကုန်ပေးတာပဲ"လို့ ဆိုတော့ ကျောက်ကျိရှန်းက ထပ်မေးတယ်။ "ဒါဆိုမင်းနဲ့ ငါပြိုင်ပွဲလုပ်မယ်။ လှည်းမောင်းတာ ဘယ်သူမြန်လဲ ကြည့်မယ်၊ ပြိုင်မလား" ဝမ်းယွီက ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်တယ်။

ပြိုင်ပွဲစတော့ လှည်းနှစ်စီးလုံးဟာ တဂျုန်းဂျုန်းနဲ့ စမောင်းတော့တယ်။ ဝမ်းယွီက တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်မြင်းကိုယ် အာရုံစိုက်ကြည့်ကာ အရှေ့ဘက်ကလမ်းတွေအတွက် တွက်ချက်ပြီး မောင်းနေသတဲ့။ ကျောက်ကျိရှန်းက စိတ်ကလည်းမငြိမ်၊ လူကလည်းပျာယာခတ်ပြီး မျက်လုံးက ဝမ်းယွီဆီကိုပဲ မျက်ခြည်မပြတ်ကြည့်နေသတဲ့။ ပြီးတော့ ဝမ်းယွီရဲ့ အရှေ့ကို ကျော်တက်သွားလိုက်၊ ခဏကြာတော့ အနောက်ပြန်ရောက်

mgyoe.com

mgyoe.com




သွားလိုက်နဲ့။ ပြိုင်ပွဲ အဆုံးသတ်ရလဒ်ကတော့ ကျောက်ရှန်း ရှုံးသွားတယ်။ ဒါကို ကျောက်ရှန်းက မကျေနပ်ဘူး။ မြင်းမကောင်းလို့ ရှုံးတာထင်ပြီး မြင်းနောက်တစ်ကောင်နဲ့လဲကာ ထပ်ပြိုင်တယ်။ သုံးကြိမ်တိတိပြိုင်တာတောင် ကျောက်ရှန်းပဲ ရှုံးနေသတဲ့။

ဒါကြောင့် ကျောက်ရှန်းက အားငယ်လာပြီး စိတ်မကြည်မလင်နဲ့ ဝမ်းယွီကို "မင်းက ငါ့ကို နည်းပညာ အစုံမပေးဘူး မဟုတ်လား"လို့ဆိုတော့ ဝမ်းယွီကရယ်ပြီး "ငါက မင်းကို အကုန်သင်ပေးခဲ့ပြီးပြီ။ ဒါပေမဲ့မင်းက သုံးပုံသုံးနည်း မှားနေတယ်။ မြင်းလှည်းမောင်းရာမှာ အရေးကြီးဆုံးက မြင်းနဲ့ မြင်းလှည်းတွဲကြီး ငြိမ်ဖို့၊ အန္တရာယ်ကင်းဖို့ပဲ။ မောင်းသူရဲ့စိတ်နဲ့ မြင်းနဲ့က ညီနေရမယ်။ ပြီးတော့မှ အရှိန်နှုန်းကို စဉ်းစားရမယ်။ အရှေ့ဘက်ဆက်သွားတဲ့ လမ်းမှာ မညီညာတာတွေရှိရင် ရှောင်ဖို့ မြင်းကိုထိန်းနိုင်အောင် ကြိုတွက်ဆထားရမယ်။ အခုတော့ မင်းက ငါ့နောက်ကိုရောက်သွားတဲ့အခါ ငါ့ကို အမီလိုက်ချင်တယ်။ မင်း ငါ့ရှေ့ကို ရောက်သွားတဲ့အခါ ငါကနောက်က အမီလိုက်လာမှာ မင်းကြောက်တယ်။ ဒါဟာ မင်းရှုံးရတဲ့အကြောင်းပဲ"

mgyoe.com

mgyoe.com



"ဒါကြောင့် လောကမှာ သူများထက်ဦးအောင် ရှေ့ရောက်ချင်၊ အောင်မြင်မှုရချင်ရင် သူတစ်ပါးကို အနိုင်ယူလိုစိတ်မထားဘဲနဲ့ ကိုယ်လုပ်တဲ့အလုပ်နဲ့ ကိုယ့်စိတ် တစ်သားတည်းဖြစ်အောင်လုပ်၊ ကိုယ့်အလုပ်ကို အမြဲတမ်း ပြန်ဆန်းစစ်၊ ရှေ့အနာဂတ်ကို ကြိုတင်တွက်ချက်ပြီး လုပ်သင့်တယ်"။ ကျောက်ရှန်းလည်း သူငယ်ချင်းကို အရမ်းကျေးဇူးတင်နေမိသတဲ့။ ဒါကြောင့် တရုတ်ပြည်မှာ "ကျွန်းရှမ်းခုန်ဟို့" "သူများရှေ့ကို ဦးအောင်ရောက်ချင်၊ နောက်ကျန်ခဲ့မှာလည်းကြောက်" ဆိုတဲ့ ဆိုရိုးစကားတစ်ခု ပေါ်လာပါတယ်။

●

mgyoe.com

mgyoe.com

## ရှောင်လုံနှင့် မြစ်စောင့်နတ် ပုံပြင်

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်ရဲ့ မြစ်ကမ်းတစ်ခုဘေးမှာ အိမ်ကလေး တစ်လုံး ရှိတယ်။ ဒီအိမ်မှာ ရှောင်လုံဆိုတဲ့ ကလေးရယ်၊ သူ့အဖေနဲ့ အမေရယ်နေကြတယ်။ ရှောင်လုံက မြစ်ထဲဆင်းပြီး ရေကူးချင်တယ်။ သူ့မိဘတွေက ရေမကူးရဘူးလို့ ပြောတယ်။ တစ်နေ့တော့ ရှောင်လုံ အိမ်ကခိုးထွက်ပြီး ရေသွားကူးတယ်။ ပြီး "ငါ့ကို ချုပ်ချယ်တဲ့ မိဘတွေနဲ့ ငါ ဒီအိမ်မှာမနေတော့ဘူး၊ ထွက်သွားတော့မယ်" လို့ ရေရွတ်လိုက်တယ်။ အဲဒီနေ့က မိုးတွေတအားရွာပြီး မြစ်ရေ အရမ်းတက်ချိန်မှာ ရေစီးနဲ့ မျောလာတဲ့ ကျောက်တုံးတစ်တုံးဟာ ရှောင်လုံ့ခေါင်းနဲ့ ပြင်းထန်စွာ ဆောင့်မိသွားတယ်။ ရှောင်လုံက "အား" လို့အော်ပြီး မေ့သွားတယ်။ ဒီကိစ္စအားလုံးကို သိနေတဲ့ မြစ်စောင့်နတ်ဘိုးဘိုးဟာ ပေါ်လာပြီး "ငါတစ်ယောက်တည်း နေရတာ၊ ရှောင်လုံလေးကို ခေါ်ထားမယ်" လို့ စဉ်းစားပြီး ခေါ်သွားတော့တယ်။

ရှောင်လုံသတိရချိန်မှာ သူ့အိမ်နဲ့ မတူဘဲ အရမ်းလှတဲ့ အခန်း၊

mgyoe.com

mgyoe.com





သူ့ကို ပြုံးပြနေတဲ့ အဘိုးအို၊ ရေကူးနေတဲ့ လှတဲ့ငါးလေးတွေ၊ ပုစွန် လေးတွေ၊ ရေနဂါးတွေ၊ အဖိုးတန်ရတနာတွေနဲ့ ပင်လယ်ရေအောက် ရောက်နေတာကို အံ့ဩစွာတွေ့ရတယ်။ ရှောင်လုံက အဘိုးအိုကို မေး တယ်။ "ဒါ ဘယ်နေရာလဲ" "ဒါ ရေအောက်နန်းတော်ပါ၊ ကလေး အဘိုးနဲ့ အတူနေပါလား၊ ကလေးလိုချင်တာ အားလုံးပေးမယ်"။ ရှောင် လုံက ဖေဖေနဲ့ မေမေကို အရမ်းသတိရပြီး "မနေဘူး၊ အိမ်ပြန်ပို့ပါ" ပြောပြီးငိုချလိုက်တယ်။ ငိုတာမရပ်တော့လို့ မြစ်စောင့်နတ်လည်း စိတ်ညစ်ပြီး လိပ်ကြီးတစ်ကောင်ခေါ်ကာ ရှောင်လုံကို သူ့အိမ်ပြန်ပို့ခိုင်း လိုက်တယ်။ ရှောင်လုံပြန်ရောက်တော့ မိဘတွေက စိတ်ပူပြီး သူ့ကိုလိုက် ရှာနေတယ်။ ရှောင်လုံသိသွားပြီ။ မိဘတွေက သူ့ကို တအားချစ်တယ်။ သူ အခုအချိန်ကစပြီး မိဘတွေမသိအောင် ဘာမှမလုပ်တော့ဘူးလို့

mgyoe.com

mgyoe.com


ဖေဖေနဲ့ မေမေကို ကတိပေးလိုက်တယ်။ မြစ်စောင့်နတ်ဘိုးဘိုးလည်း သူ့ကြောင့် ရှောင်လုံလေး လိမ္မာသွားတာကြည့်ပြီး ဝမ်းသာနေတော့တယ်။

●

mgyoe.com

mgyoe.com

# ကုန်သည် ရှန်ကောင်း ပုံပြင်

ဟိုးရှေးရှေးတုန်းက ကျန့်နိုင်ငံမှာ ရှန်ကောင်းလို့ခေါ်တဲ့ နွားကုန်သည် တစ်ဦး ရှိတယ်။ တစ်နေ့တော့ သူဟာ ကျန့်နိုင်ငံရဲ့ နယ်စပ်ဒေသမှာ နွားသွားရောင်းတယ်။ သူသွားရင်းနဲ့ အရှေ့ဘက်မှာ ချင်နိုင်ငံရဲ့ တပ်တွေကို တွေ့ရတယ်။ ချင်နိုင်ငံကတပ်တွေ ကျန့်နိုင်ငံနယ်စပ်ကို ဘာလာလုပ်တာလဲလို့ သူ တိတ်တိတ်စုံစမ်းကြည့်တဲ့အခါ သူထင်တဲ့အတိုင်း စစ်တိုက်ဖို့လာတာဖြစ်နေတယ်။ ရှန်ကောင်းဟာ သူ့ရဲ့ ငယ်သားတစ်ယောက်ကို ချက်ချင်း ကျန့်နိုင်ငံပြန်ခိုင်းပြီး ဒီသတင်းပို့စေတယ်။ တစ်ချိန်တည်းမှာပဲ သူဟာ နွားသားရေအကျက် လေးခုနဲ့ ဝဝဖြိုးဖြိုး နွား ၁၂ ကောင်ကိုယူပြီး ချင်နိုင်ငံရဲ့ စစ်သူကြီးနဲ့ သွားတွေ့တယ်။

သူက ချင်နိုင်ငံရဲ့စစ်သူကြီးကို “ကျွန်ုပ်တို့နိုင်ငံရဲ့ ဘုရင်က သင်တို့လာတာကို သိပါတယ်။ ဒါကြောင့် ကျွန်ုပ်ကိုစေလွှတ်ပြီး ဒီလက်ဆောင်ကို ပေးခိုင်းလိုက်တယ်” လို့ ပြောပြီး သားရေအကျက်လေးခုနဲ့ နွား ၁၂ ကောင်ကို ပေးလိုက်တယ်။ နောက် “တကယ်လို့ သင်တို့တပ်ဟာ

mgyoe.com

mgyoe.com





ဒီနေရာမှာ ခေတ္တရပ်နားမယ်ဆိုရင် ကျွန်ုပ်တို့က ဒီလို လက်ဆောင်မျိုးကို သင်တို့ တပ်ရိက္ခာတစ်ရက်စာအဖြစ် ဧည့်ခံဖို့စီစဉ်ထားပါတယ်။ တကယ်လို့ ဒီနေရာမှာမရပ်နားဘဲ ကျန့်နိုင်ငံဘက်ကို ဆက်ထွက်ခွာမယ်ဆိုရင် ကျွန်ုပ်တို့ဘက်က ချက်ချင်း တပ်တွေစေလွှတ်ပြီး ကာကွယ်ရပါလိမ့်မယ်" လို့ ဆက်ပြောလိုက်တယ်။ ချင်နိုင်ငံရဲ့ စစ်သူကြီးလည်း ဒါကို ကြားရတော့ ကျန့်နိုင်ငံဟာ အစောကြီးကတည်းက ပြင်ဆင်မှုတွေ ရှိတာပဲလို့ ထင်ပြီး တပ်တွေပြန်ဆုတ်ခိုင်းကာ ချင်နိုင်ငံ ပြန်သွားတော့တယ်။ အဲဒီအချိန်ကစပြီး တရုတ်ရာဇဝင်မှာ ကုန်သည်ရှန်ကောင်းကို နိုင်ငံချစ်တဲ့သူအဖြစ် ထည့်သွင်းကာ ဂုဏ်ပြုခြင်းခံရတယ်။

●

mgyoe.com

mgyoe.com

## အဘိုးအို မြင်းပျောက်တဲ့ ပုံပြင်

ဟိုးရှေးရှေးတုန်းက တရုတ်ပြည် မြောက်ပိုင်းနယ်စပ်နားမှာနေတဲ့ အဘိုးအိုတစ်ဦးရှိတယ်။ တစ်နေ့တော့ သူပိုင်တဲ့မြင်းတစ်ကောင်ဟာ ထွက်ပြေးသွားတယ်။ ဒါကို အိမ်နီးချင်းတွေက အဘိုးအိုထံလာပြီး နှစ်သိမ့်စကားပြောကြတယ်။ အဘိုးအိုက "ကိစ္စမရှိပါဘူး" လို့ ပြန်ပြောလိုက်တယ်။

ရက်အတော်ကြာတော့ ထွက်ပြေးသွားတဲ့မြင်းဟာ မြင်းကောင်းနောက်တစ်ကောင်ကို ခေါ်ပြီး အိမ်ပြန်လာတယ်။ ဒါကို အိမ်နီးချင်းတွေသိတော့ အဘိုးအိုထံလာပြီး အဘိုးကံကောင်းပြီ၊ မြင်းကောင်း နောက်တစ်ကောင် အလကားရတယ်လို့ ပြောကြပြန်တယ်။ အဘိုးအိုက "ဒီကိစ္စဟာ သေချာပေါက် ကောင်းတဲ့ကိစ္စမဟုတ်သေးဘူး"လို့ ပြန်ပြောလိုက်တယ်။

အဘိုးအိုရဲ့သားဟာ မြင်းစီးရတာကို အရမ်းကြိုက်နှစ်သက်တယ်။ တစ်နေ့တော့ ထွက်ပြေးသွားတဲ့မြင်းက ခေါ်လာတဲ့မြင်းကောင်းပေါ်ကို အဘိုးအိုရဲ့သားဟာ ခုန်တက်လိုက်တယ်။ ရုတ်တရက် ပြုတ်ကျပြီး

mgyoe.com

mgyoe.com





ခြေကျိုးသွားတော့တယ်။ ဒီသတင်းကြားတော့ အိမ်နီးချင်းတွေက လာပြီး နှစ်သိမ့်ကြပြန်တယ်။ အဘိုးအိုက "ဒါဟာ ဆိုးတဲ့ကိစ္စမဟုတ်ဘူး" လို့ ပြန်ပြောလိုက်တယ်။

သိပ်မကြာခင်မှာပဲ နယ်စပ်မှာ တိုက်ပွဲကြီးဖြစ်ပွားတယ်။ ရွာထဲရှိ လူငယ်အားလုံး စစ်ထွက်ရတယ်။ တိုက်ပွဲမှာ အားလုံးနီးပါး သေကြတယ်။ အဘိုးအိုရဲ့သားဟာ ခြေထောက်ကျိုးနေတဲ့အတွက် စစ်မြေပြင် မသွားရတာကြောင့် သူ့ရဲ့အသက်အန္တရာယ်ကို ကာကွယ်လိုက်နိုင်တယ်။ ဒါကြောင့် တရုတ်ပြည်မှာ "စိုက်ဝုန်းစူညီးမာမာန်းကျုညီးဖေးဖူ" "အဘိုးအို မြင်းပျောက်ဆုံး၊ ကံမကောင်းဘူးမထင်နဲ့ဦး" ဆိုတဲ့ ဆိုရိုးစကားတစ်ခု ပေါ်လာပါတော့တယ်။

●

mgyoe.com

mgyoe.com

## ယို့ကုန်းတောင်ဖြိုခြင်း

ရှေးခေတ်က တရုတ်ပြည်မှာ ယို့ကုန်းလို့ခေါ်တဲ့ အဘိုးအိုတစ်ဦးရှိတယ်။ သူ့အိမ်ရဲ့ အရှေ့ဘက်မှာ မြင့်မားပြီး အလွန်ကြီးတဲ့ တောင်ကြီးနှစ်လုံး ရှိတယ်။ ဒီတောင်ကြီးနှစ်လုံးကြောင့် သူ့အိမ်ထဲကို ဝင်ရထွက်ရတာ အဆင်မပြေဖြစ်နေတယ်။

တစ်နေ့တော့ ယို့ကုန်းအဘိုးအိုဟာ အိမ်သားတွေကိုခေါ်ပြီး တိုင်ပင်တယ်။ “ငါတို့ အိမ်ရှေ့က တောင်ကြီးနှစ်လုံးကို ငါရွှေ့ချင်တယ်” လို့ဆိုတော့ သားတွေ၊ မြေးတွေက သဘောတူကြတယ်။ အဘိုးအိုရဲ့ ဇနီးက မယုံကြည်ဘဲ “သင်ဟာ အသက် ၉၀ ရှိပြီ။ သင် ဘယ်လိုလုပ် ဒီတောင်ကို ရွှေ့နိုင်မှာလဲ၊ ရွှေ့လို့ရရင် ဒီတောင်တွေကို ဘယ်နားမှာ သွားထားမလဲ” လို့ ဝင်ပြောတယ်။ အားလုံးက ပင်လယ်ထဲ သွားပစ်မယ်လို့ ဆိုကြသတဲ့။ နောက်တစ်နေ့မှာပဲ ယို့ကုန်းဟာ သူ့အိမ်သားတွေနဲ့ တောင်ရွှေ့ဖို့လုပ်ကြတယ်။ သူတို့ရဲ့ အိမ်နီးချင်းတွေကလည်း ကလေးပါ မကျန် သူတို့ကို ကူညီကြတယ်။ သူတို့တွေဟာ နေ့တိုင်း တောင်တို

mgyoe.com

mgyoe.com




တူးကြ၊ တောင်ပေါ်က ကျောက်တုံးတွေ သယ်ကြနဲ့ လုပ်ကြတာ နေ့တိုင်း မပြီးနိုင်တော့ဘူး။ ဒါကို ရွာထဲက ပညာရှိအဘိုးအိုက လာကြည့်တယ်။

ပညာရှိအဘိုးအိုက ယွီကုန်းကို ပြောတယ်။ "သင်ဟာ အသက်ကြီးပြီ။ မြက်တစ်ပင်တောင် မနုတ်နိုင်တာ၊ ဘယ်လိုလုပ် ဒီတောင်တွေကို ရွှေ့နိုင်မလဲ"။ ထိုအခါ ယွီကုန်းက "ကျွန်ုပ်သေသွားရင် သားက ဆက်ရွှေ့လိမ့်မယ်၊ သားသေရင် မြေးရှိသေးတယ်။ ဒီလိုနဲ့ ကြာရင် တစ်နေ့မှာ ဒီတောင်တွေကို အပြီးဖြိုနိုင်ပါလိမ့်မယ်" လို့ ပြန်ဖြေလိုက်သတဲ့။ ပညာရှိအဘိုးအိုလည်း ဘာမှပြန်မပြောနိုင်ဘဲ ထွက်သွားတော့တယ်။

ယွီကုန်းတို့ တောင်ရွှေ့တဲ့ကိစ္စကို ဘုရားရှင်ကသိသွားပြီး မနေနိုင်တော့ဘဲ နတ်သားနှစ်ပါးကို စေလွှတ်လိုက်ကာ တောင်နှစ်လုံးကို ရွှေ့ခိုင်းလိုက်တယ်။ ဒါကြောင့် "ကြိုးစားသူများကို ဘုရားက ကူညီပါလိမ့်မယ်" လို့ ပြောစမှတ်ပြုလာကြတယ်။

●

mgyoe.com

mgyoe.com

## မလုပ်သင့် မလုပ်ထိုက်တာ လုပ်ခြင်း

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ လူငါးယောက်ဟာ အရက်တစ်အိုး ရရှိထားသတဲ့။ ဒီအရက်တစ်အိုးဟာ ဘုရင်က ချီးမြှင့်ထားတာဖြစ်လို့ သူတို့အားလုံးဟာ သောက်ချင်ကြသတဲ့။ ဒါပေမဲ့ ဒီတစ်အိုးဟာ လူတစ်ယောက်စာပဲ သောက်လို့ရမယ်။ ဒါကြောင့် ဘယ်သူသောက်သင့်တယ်ဆိုတာ ဆုံးဖြတ်လို့မရ ဖြစ်နေတယ်။ ဒီအချိန်မှာပဲ သူတို့ထဲက တစ်ယောက်က "ပြိုင်ပွဲတစ်ခုလုပ်ကြမယ်။ ကျွန်ုပ်တို့အားလုံး မြေကြီးပေါ်မှာ မြွေတစ်ကောင်ပုံဆွဲကြရမယ်၊ အရင်ဆွဲပြီးတဲ့ သူက ဒီအရက်အိုးကို ပိုင်ဆိုင်ခွင့်ရမယ်" လို့ ဆိုတော့ အားလုံးကလည်း သူ့ရဲ့နည်းလမ်းကို သဘောတူကြတယ်။

ဒီလိုနဲ့ မြွေပုံ စဆွဲကြတော့ သူတို့ထဲက လူတစ်ယောက်က အရင်ဆွဲလို့ ပြီးသွားတယ်။ ထိုသူက သူအရင်ပြီးသွားပြီး အခြားသူတွေဆွဲလို့ မပြီးသေးတာကို ကြည့်ကာ ကျေနပ်စွာ ပြုံးပြီးပြောလိုက်တယ်။ "မင်းတို့တွေ ဆွဲတာသိပ်နှေးတယ်၊ ငါဆွဲတာ ဘယ်လောက်မြန်သလဲဆိုရင်

mgyoe.com

mgyoe.com





ငါ့မြွေပုံပေါ်မှာ ဟော့ဒီလိုခြေထောက်တွေ ထပ်ဖြည့်ဆွဲလိုက်ရင်တောင် မင်းတို့က ပြီးကြဦးမှာမဟုတ်ဘူး” လို့ ပြောပြီး သူ့မြွေပုံမှာ ခြေထောက်တွေ ထပ်ဖြည့်လိုက်တယ်။

အဲဒီအချိန်မှာ အခြားတစ်ယောက်က မြွေပုံဆွဲလို့ ပြီးသွားပြီး သူ့ကို ပြောလိုက်တယ်။ “မြွေဆိုတာ ခြေထောက်မရှိဘူး။ သင်ဆွဲတဲ့ ပုံက မြွေပုံမဟုတ်ဘူး။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ကျွန်ုပ်သာလျှင် အရင်ဆုံးဆွဲပြီးသူ ဖြစ်တယ်” လို့ ပြောပြီး အရက်အိုးကို ယူလိုက်သတဲ့။

ဒီအချိန်ကစပြီး တရုတ်ပြည်မှာ “ဟွဆယ်ထရန်းကျူ” “မလုပ်သင့် မလုပ်ထိုက်တာကို လုပ်ခြင်း” ဆိုတဲ့ ဆိုရိုးစကားတစ်ခု ပေါ်လာပါ တော့တယ်။

●

mgyoe.com

mgyoe.com

## ဉာဏ်ကောင်းတဲ့ လယ်သမား


ဟိုးရှေးရှေးတုန်းက တရုတ်ပြည်ရဲ့ ရွာကလေးတစ်ရွာမှာ အလွန်ဆင်းရဲတဲ့ လယ်သမားတစ်ဦးရှိတယ်။ သူ့မှာ အဖိုးတန်ပစ္စည်းဆိုလို့ နွားတစ်ကောင်ပဲ ပိုင်ဆိုင်သတဲ့။ တစ်နေ့တော့ သူ့နွားလေးပျောက်ဆုံးသွားတယ်။ သူဟာ အလွန်ဝမ်းနည်းသွားပြီး သူ့နွားကို ရှာတော့တာပေါ့။

ဒီလိုနဲ့ ရှာနေရင်း ဈေးတစ်ခုကို ဖြတ်သွားတယ်။ ဒီဈေးထဲမှာ လူတစ်ယောက်ဟာ သူ့နွားကိုဆွဲသွားပြီး လျှောက်ရောင်းနေတာကို တွေ့ရတယ်။ ဒါနဲ့ နွားခိုးသူနောက်ကို လိုက်သွားပြီး "ဒီနွားဟာ ကျွန်ုပ်ပျောက်သွားတဲ့ နွားပါ" လို့ ဆိုတော့ နွားခိုးသူက "ဒီနွားကို ကျွန်ုပ်က သုံးလေးနှစ်မွေးမြူခဲ့တာ၊ ဒါ ကျွန်ုပ်နွားပါ" လို့ ပြန်ပြောတော့ လယ်သမားလည်း စဉ်းစားလိုက်ပြီး သူဆောင်းထားတဲ့ ဦးထုပ်ကိုယူပြီး နွားရဲ့ မျက်နှာရှေ့မှာ ကာထားလိုက်တယ်။ ပြီးမှ နွားခိုးကို "သင်က ဒီနွားကို သုံးလေးနှစ် မွေးမြူခဲ့တယ်ဆိုရင် ဒီနွားရဲ့ ဘယ်မျက်လုံးဟာ ပျက်စီးနေပါသလဲ၊ သင်သိပါသလား" လို့ မေးလိုက်တယ်။

mgyoe.com

mgyoe.com





နွားခိုးလည်း ရုတ်တရက် မစဉ်းစားတတ်တော့ဘဲ ရမ်းပြီးဖြေလိုက်တာက "နွားရဲ့ ဘယ်ဘက်မျက်လုံးဟာ ပျက်စီးနေပါတယ်"။ ဒီတော့မှ လယ်သမားက လာရပ်ကြည့်နေတဲ့ လူများဘက်လှည့်ပြီး နွားမျက်လုံးရှေ့က ကာထားတဲ့ဦးထုပ်ကို ဖယ်လိုက်တဲ့အခါ နွားရဲ့ မျက်လုံးနှစ်လုံးစလုံးဟာ အကောင်းအတိုင်း ပျက်စီးခြင်းမရှိတာကို မြင်ကြရတယ်။ ဒါကြောင့် နွားခိုးရဲ့ လိမ်ညာမှုပေါ်သွားတော့တယ်။ လာရပ်ကြည့်နေသူများကလည်း လယ်သမားကို ဉာဏ်ကောင်းသူလို့ ဆိုကြသတဲ့။

●

mgyoe.com

mgyoe.com

## မက်မွန်ပန်းရိပ်မြုံနှင့် ငါးဖမ်းသမား

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ ငါးဖမ်းတဲ့ လူတစ်ယောက်ရှိတယ်။ တစ်နေ့တော့ သူဟာ မြစ်ငယ်လေးကို ဆန်တက်ပြီး လှေလှော်ရင်း ရုတ်တရက် မက်မွန်ပန်းတောတစ်ခုကို တွေ့ရတယ်။ ဒါနဲ့ သူဟာ အရှေ့ဘက်ကို ဆက်လှော်သွားတော့ အရမ်းလှတဲ့ မက်မွန်ပန်းတွေနဲ့ စိမ်းစိုနေတဲ့ မြက်ခင်းပြင်တွေကို တွေ့ရပြန်တယ်။ နောက် တောင်တစ်လုံးကို ထပ်တွေ့တယ်။ တောင်ပေါ်မှာ အပေါက်သေးသေးလေး တစ်ခုရှိတယ်။ အပေါက်ရဲ့အတွင်းဘက်မှာ အလင်းရောင်တစ်ခုကို မြင်နေရတယ်။ ဒါနဲ့ သူဟာ လှေပေါ်ကဆင်းပြီး တောင်ပေါ်တက်၊ တောင်ပေါ်မှာရှိတဲ့ အပေါက်လေးအတိုင်း ဝင်သွားလိုက်တယ်။ ဟိုဘက်ရောက်တော့ ညီညာတဲ့လယ်ကွင်းတွေ၊ အိမ်တွေ၊ လမ်းတွေ၊ ရေကန်တွေ၊ အလွန်ရှည်လျားတဲ့ ဝါးပင်တွေ၊ သစ်ပင်စိမ်းစိမ်းစိုစိုလေးတွေ၊ နောက် ငှက်၊ ကြက်၊ ခွေးအော်သံတွေပါ မြင်ရကြားရတယ်။

အလုပ်လုပ်တဲ့သူတွေက လုပ်၊ အသက်ကြီးသူနဲ့ ကလေးတွေက

mgyoe.com

mgyoe.com




ပျော်ပျော်ရွှင်ရွှင်၊ လူတွေဝတ်ထားတဲ့ အင်္ကျီပုံစံက အခုခေတ်နဲ့မတူဘဲ ရှုခင်းတွေကလှပပြီး ရှုလိုက်ရတဲ့လေကလည်း လတ်ဆတ်နေတယ်။ အလွန် သာယာတဲ့ ကမ္ဘာတစ်ခုဖြစ်နေတာပေါ့။ ဒီနေရာကို အပြင်လူတွေ မရောက်လာကြလို့ အဲဒီကလူတွေက ငါးဖမ်းသမားကိုတွေ့တော့ အံ့သြနေကြတယ်။ သူ့ကို ဘယ်ကလာလဲမေးပြီး ကောင်းမွန်တဲ့ အစားအစာတွေနဲ့ ကျွေးမွေးဧည့်ခံကြတယ်။ ဒီရွာက လူတွေပြောပြတာက ရှေးနှစ်ပေါင်း လေးငါးရာကဖြစ်ပွားတဲ့ စစ်ပွဲကို ရှောင်ပြေးကြရင်း ဘယ်သူမှ မသိနိုင်တဲ့ ဒီနေရာကို ရောက်လာကြတယ်။ ဒီကနေ ဘယ်ကိုမှမသွားဖြစ်လို့ အခု ဘယ်ခေတ်ရောက်ပြီဆိုတာ သူတို့မသိကြဘူး၊ သူတို့ရဲ့ အခြေအနေကို အပြင်လူတွေကိုမပြောဖို့ ငါးဖမ်းသမားကို မှာလိုက်တယ်။

ငါးဖမ်းသမားလည်း အဲဒီနေရာမှာ ဆယ်ရက်လောက်နေပြီး သူလာလမ်းအတိုင်း အမှတ်အသားတွေလုပ်ပြီး ပြန်ခဲ့တယ်။ သူ့တိုင်း

mgyoe.com

mgyoe.com



ပြည်ရောက်တော့ ဒီကိစ္စကို ဘုရင်ထံလျှောက်ထားတယ်။ ဘုရင်က စစ်သည်တွေ စေလွှတ်ပြီး ဒီနေရာကို ငါးဖမ်းသမားကိုပြခိုင်းတယ်။ ဒါပေမဲ့ ဘယ်လိုပဲရှာရှာ အံ့သြစရာက မက်မွန်တောကို မတွေ့ရတော့ဘူး။ အဲဒီအချိန်ကစပြီး တရုတ်ပြည်မှာ "ဘဝရဲ့ အေးချမ်းသာယာ ချမ်းမြေ့မှုရရှိဖို့ ကိုယ်မျှော်မှန်းထားတဲ့ ကမ္ဘာက ဒီလိုမျိုးပါ" "စွတ်ဝိုက် ထောင်ယွမ်" ဆိုပြီး ဆိုရိုးစကားတစ်ခုအနေနဲ့ ပြောလာကြသတဲ့။

●

mgyoe.com

mgyoe.com

## မုဆိုးနှင့် အမဲလိုက်ခွေး

ရှေးခေတ်တုန်းက တရုတ်ပြည်မှာ အမဲလိုက်ခြင်းအလုပ်ကို အလွန်နှစ်သက်တဲ့ မုဆိုးတစ်ဦးရှိသတဲ့။ သူဟာ တိရစ္ဆာန်တစ်ကောင်ရဲ့နောက်ကို တစ်ဟုန်ထိုးပြေးလိုက်တဲ့ ငှက်ရိုင်းတစ်ကောင်လို ခံစားချက်မျိုးကို အလွန်ကြိုက်နှစ်သက်သတဲ့။ ဒါကြောင့် အင်မတန်အကင်းပါးပြီး ပေါ့ပါးသွက်လက်တဲ့ စွန်တစ်ကောင်နဲ့ အမဲလိုက်ခွေးတစ်ကောင်ကို မွေးမြူထားသတဲ့။ ဒီအမဲလိုက်ခွေးနဲ့ စွန်ကို အမဲလိုက်ထွက်တဲ့အခါ တစ်လှည့်စီခေါ်သွားတယ်။

တစ်နေ့တော့ အမဲလိုက်စွန်ကိုခေါ်ပြီး အမဲလိုက်ထွက်တဲ့အခါ တိရစ္ဆာန်တွေကို သူကိုယ်တိုင်လိုက်မဖမ်းဘဲ စွန်ကိုစေလွှတ်ပြီး ဖမ်းခိုင်းလိုက်တယ်။ စွန်က လိုက်ဖမ်းနေတာကိုကြည့်ပြီး သူက အားရ ပျော်ရွှင်နေသတဲ့။ အမဲလိုက်ပြီးပြန်လာတဲ့အခါ ရလာတဲ့တိရစ္ဆာန်ရဲ့ အသည်းနှလုံးကိုယူပြီး အမဲလိုက်ခွေးကို အမြဲကျွေးလေ့ရှိသတဲ့။ အမဲလိုက်ခွေးက သူ့ကို သခင်က ဒီလိုအမြဲကျွေးမှန်းသိနေတော့ မုဆိုးကြီးပြန်လာတိုင်း

mgyoe.com

mgyoe.com





အမြီးလှုပ်ပြလိုက်၊ မြေကြီးပေါ်မှာ ခုန်ပေါက်လိုက်၊ ရှေ့ခြေထောက်နှစ်ဖက် အပေါ်မြှောက်ပြီး မတ်တတ်ရပ်ပြလိုက် လုပ်လေ့ရှိတယ်။ ခွေးက ငါ့သခင်က ငါ့ကိုဦးစားပေးတယ်ဆိုပြီး မိမိကိုယ်ကိုယ် အဟုတ်ကြီးထင်နေတယ်တဲ့။

ဒီလိုနဲ့ နောက်ပိုင်းမှာ တိရစ္ဆာန်တွေဖမ်းရတာ ခက်လာတယ်တဲ့။ ယုန်တစ်ကောင်ရဖို့ နေ့ဝက်လောက်စောင့်တာတောင် ဖမ်းလို့မရဘူးတဲ့။ ဒါကြောင့် မုဆိုးကြီးဟာ တောင်ပေါ်တက်ပြီး ယုန်ဖမ်းဖို့ပြင်ဆင်သတဲ့။ အဲဒီ့အခါ အမဲလိုက်စွန်ရော၊ ခွေးရောပါ ခေါ်သွားတယ်။ တောင်ပေါ်ရောက်လို့ နေ့ဝက်ကြာအောင်စောင့်လည်း ယုန်တစ်ကောင်တောင် မတွေ့ရဘူး။ ခွေးကတော့ ဗိုက်ဆာလွန်းလို့ ဗိုက်ထဲက တဂွီဂွီမြည်လာတယ်တဲ့။ ဒီအချိန်မှာ ရုတ်တရက် ခြုံထဲက ယုန်နှစ်ကောင် ပြေးထွက်လာပြီး သစ်တောဘက်ဆီကို ပြေးသွားသတဲ့။ ဒါကို စွန်ကမြင်တော့ နိမ့်နိမ့်လေးပျံလိုက်၊ မြေပြင်ပြန်ဆင်းလိုက်လုပ်ပြီး ယုန်နှစ်ကောင်ကို လိုက်ဖမ်းတယ်။ ခွေးကလည်း စွန်လိုက်ဖမ်းတာကို အားကျမခံဖြစ်ပြီး

mgyoe.com